**Arakan Humanitarian Coordination Team (AHCT)**

**ရခိုင်လူသားချင်းစာနာထောက်ထားရေးညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့**

**<u>ဝန်ထမ်းဖိတ်ခေါ်ခြင်း</u>**

| | |
|---|---|
| **ဖိတ်ခေါ်သည့်အလုပ်ရာထူး** | **– စီမံကိန်းအရာရှိ (Project Officer)** |
| **ခန့်အပ်မည့် ဦးရေ** | **– ၁ ဦး** |
| **တာဝန်ထမ်းဆောင်ရမည့် ကာလ** | **– ၆ လ (စာချုပ် သက်တမ်းတိုးရန် ရှိသည်)** |
| **တာဝန်ထမ်းဆောင်ရမည့် နေရာ** | **– စစ်တွေမြို့၊ ရခိုင်ပြည်နယ်** |
| **အကျိုးခံစားခွင့်များ** | **– အခြေခံလစာ၊ ဖုန်းဘေလ်ခံစားခွင့်၊ မဲပေးခွင့် ခွင့်ရက်များ** |
| **လျှောက်လွှာပေးပို့ရမည့် နောက်ဆုံးရက်** | **– ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ သောကြာနေ့ ည(၁၂) နာရီ** |

**အဖွဲ့အစည်းမိတ်ဆက်**

ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့အခြေစိုက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို တစိုက်မတ်မတ်ဆောင်ရွက်နေကြသည့် ဒေသခံအဖွဲ့ (၆) ဖွဲ့ဖြစ်သော ရခိုင်တိုင်းရင်းသားများနွယ်များ အစည်းအရုံး (REC)၊ ဝံလက်ဖောင်ဒေးရှင်း (ရခိုင်ပြည်)၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (PDI–Kintha)၊ ပြည်သူများအတွက်ပြည်သူ (PFP)၊ ရခိုင်လူငယ်မျိုးဆက်သစ်များကွန်ရက် (RYNGN))နှင့် ရပ်ရွာလူထုစွမ်းဆောင်ရည်နှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြင့်ရေးအဖွဲ့ (CERA) တို့ဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ လယ်တွင် အစုအဖွဲ့ကို ပူးပေါင်းထူထောင်ခဲ့ကြပါသည်။ ပူးပေါင်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ လက်ရှိရခိုင်ပြည်နယ်၏ အခြေအနေတွင် စစ်ရေးပဋိပက္ခသင့်ဒေသမှ စစ်ပြေးရှောင်ပြည်သူများကို အချိန်နှင့်တပြေးညီ ထိရောက်စွာ၊ လွှမ်းခြုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးအပ်မှုနှင့် အရပ်သာအကာအကွယ်ပြုရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်မှုပြုနိုင်ရန်အတွက်ဖြစ်ပါသည်။

**စီမံကိန်းမိတ်ဆက်**

လက်ရှိဖြစ်ပေါ်နေသော စစ်ပွဲပဋိပက္ခ၊ အင်တာနက်အပြည့်အဝမရရှိမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အင်တာနက်စာမျက်နှာများနှင့် မြေပြင်အခြေအနေမှ သတင်းတုများ၊ သတင်းမှားများ၊ ကောလဟာလများ ထွက်ပေါ်လာမှုကို ပြန်လည်ဆန်းစစ်ပြီး သတင်းမှန်များကို အစီရင်ခံတင်ပြရန်။

စီမံကိန်းဧရိယာအတွင်း ဖြစ်ပွားနေသော စစ်ပွဲပဋိပက္ခနှင့် ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကြောင့် အရပ်သားပြည်သူများအပေါ် အကျိုးသက်ရောက်မှုဖြစ်ခဲ့သည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများနှင့် အားလုံးလွှမ်းခြုံသည့် အကျဉ်းချုပ်အစီရင်ခံစာကို အပတ်စဉ်တင်ပြရန်။

**အဓိက လုပ်ငန်းတာဝန်များ**

- ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ပေါ်လစီမူဝါဒနှင့်စည်းကမ်းချက်များကိုလက်တွေ့အကောင်အထည် ဖော် လုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင် ကူညီပေးရန်။
- လက်ရှိပြည်သူများခံစားနေရသော အခက်အခဲများကို အများပြည်သူများသို့အချိန်နှင့် တပြေးညီတင်ပြနိုင်ရန်အတွက် အရေအတွက်ပြ သုတေသန Quantitative Research (သို့) အရေအသွေးပြ သုတေသန Qualitative Research နည်းလမ်းများဖြင့် အဓိကအရေးပါသောသတင်းအချက်အလက်များကို ဘက်လိုက်မှုမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကောင်းမွန်စွာ စုဆောင်းပေးရန်။
- မိမိတို့ စီမံကိန်းပြုလုပ်မည့် ဒေသမှ လူထုခေါင်းဆောင်များနှင့်၊ စီမံကိန်းနှင့်ဆက်နွယ်မှုရှိသည့် ဒေသခံလူထုများနှင့် အချိတ်အဆက်များပြုလုပ်ပြီး တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရန်။
- စီမံကိန်းဝန်ထမ်းများ၊ အထက်အရာရှိများ၊ AHCT ၏ ဦးဆောင်သူများနှင့် ကောင်းမွန်စွာ ဆွေးနွေးတိုင်ပင်ပြီး စီမံကိန်းပြီးမြောက်အောင်လုပ်ဆောင်ရန်။
- သုတေသနပြုလုပ်ရာတွင် စီမံကိန်းဝန်ထမ်းများကို ဦးဆောင်ကာ မိမိကိုယ်တိုင်ပါဝင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီစုဆောင်းမှုများပြုလုပ်ရန်။
- သုတေသနပြုလုပ်ပြီး ရရှိလာသော သတင်းအချက်အလက်များကို စာရေးသူ၊ သုတေသီများနှင့် ပူးပေါင်းပြီး ဒေတာဘေစ် (Database) များကောင်းမွန်စွာ ဖန်တီးပြုလုပ်ရန်။
- သုတေသနပြုလုပ်ပြီး ရရှိလာသောသတင်းအချက်အလက်များကို မိမိတို့၏ စံသတ်မှတ်ချက်များကို အသုံးပြု၍ ကိုက်ညီမှုရှိ/ မရှိ အချက်အလက်များကို စစ်ဆေးရန်။
- နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့်၊ ကျေးလက်ဒေသများတွင် ကိုဗစ်တုန့်ပြန်မှု (Covid Response) လုပ်ဆောင်နေသူများ၏ သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပြီး စာရေးသူများအတွက် အပတ်စဉ် အစီရင်ခံစာပေးပို့ရန်။
- အလှူရှင်များနှင့် ဆက်သွယ်မှုများပြုလုပ်ခြင်းနှင့် စီမံကိန်းအခြေအနေများကို အဖွဲ့ခေါင်းဆောင်များထံသို့ အချိန်နှင့်တပြေးညီ အစီရင်ခံစာများပေးပို့ရန်။
- စီမံကိန်း ရန်ပုံငွေများကို သတ်မှတ်ချက်များနှင့် အညီ စနစ်တကျသုံးစွဲရန်အတွက် ပံ့ပိုးကြီးကြပ်ရန်။
- အဖွဲ့အစည်းကိုယ်စားပြု၍ အစိုးရဌာနများ၊ အလှူရှင်အဖွဲ့အစည်းများ၊ စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အစည်းအဝေးများပြုလုပ်ခြင်း၊ အဆက်အသွယ်များ ပြုလုပ်ရန်။

**လိုအပ်သော အရည်အချင်းများ**

- ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တန်ဖိုးထားမှုများ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ကိုက်ညီစွာ တိတိကျကျလိုက်နာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ (သို့) သက်ဆိုင်ရာ ဘာသာရပ်နှင့် ပတ်သတ်ပြီး သင်တန်း(သို့) ကျောင်း တစ်ခုခု အောင်မြင်ပြီးမြောက်ထားပြီး အနည်းဆုံး ဒီပလိုမာ၊ ဒီဂရီ (သို့) ဘွဲ့ တစ်ခုခု ရရှိထားသူဖြစ်ရမည်။
- လူမှုရေးလုပ်ငန်းအဖွဲ့အစည်းလုပ်ငန်းများတွင်စီမံခန့်ခွဲမှု၊ သက်ဆိုင်ရာအလုပ်တာဝန်များနှင့် ဆပ်စပ်သည့် အလုပ်အတွေ့အကြုံ အနည်းဆုံး (၂)နှစ် အထက်ရှိသူဖြစ်ရမည်။
- ကိုယ်ကျင့်တရားကောင်းမွန်ပြီး လူအများနှင့် ကောင်းမွန်စွာ ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- အလုပ်လုပ်ကိုင်ရာတွင်ဝန်ထမ်းများ၊မိတ်ဖက်အဖွဲ့အစည်းများ၊အလှူရှင်များနှင့်ကောင်းမွန်စွာဆက်ဆံပြောဆို နိုင်ရမည်။
- ရခိုင်တွင်လက်ရှိဖြစ်ပေါ်နေသော အကြောင်းအရာများနှင့် ဆပ်စပ်ပြီးသိရှိနားလည်သူဖြစ်ရမည်။
- သတင်းအချက်အလက်များကို မှား/မှန် ဝေဖန်ခွဲခြမ်းစိတ်ဖြာနိုင်သူဖြစ်ရမည်။
- အထက်အရာရှိမှပေးအပ်သောလုပ်ငန်းတာဝန်များကိုတာဝန်ကျေပွန်စွာအချိန်မှီပြီးမြောက်အောင်စိတ်အားထက် သန်စွာနှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်ရှိရမည်။
- စိတ်ဖိီးစီးမှုဒဏ်ကိုခံနိုင်ရည်ရှိပြီး၊ အခက်အခဲများပေါ်ပေါက်လာပါကမိမိတာဝန်ကိုကျေပွန်စွာလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- မတူကွဲပြားသော သူများကို ခွဲခြားဆက်ဆံမှု မပြုဘဲ ထိုသူတို့၏ ယဉ်ကျေးမှုများ၊ လူနေမှုပုံစံများကို လေးစားပြီး အလုပ် လုပ်ကိုင်နိုင်စွမ်းရှိရမည်။
- အင်္ဂလိပ်စာနှင့် မြန်မာစာကို ကောင်းမွန်ကျွမ်းကျင်စွာ ရေးဖတ်ပြောဆိုနိုင်ရမည်။
- ကွန်ပျူတာ (Microsoft office)၊ အင်တာနက် ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

**လျှောက်လွှာတင်သွင်းရမည့် ပုံစံ**

- အလုပ်လျှောက်ထားသည့် အကြောင်းအရာဖော်ပြချက် (Cover Letter)
- ကိုယ်ရေး အချက်အလက် အပြည့်အစုံ ပါဝင်သည့် စာစောင် (CV)
- မိမိအား အလုပ်အတွေ့အကြုံ၊ ကိုယ်ကျင့် တရား နှင့်ပတ်သက်၍ ထောက်ခံချက်ပေးရန် ယခင်အလုပ်လုပ်ရာမှ အထက်အရာရှိ အနည်းဆုံး (၂) ယောက်၏ အဆက်အဆက်သွယ် **ဖုန်း (သို့) အီးမေးလ်** လိပ်စာ ကိုသာ executive_director@kintha-pdi.org သို့ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ သောကြာနေ့ ည(၁၂) နာရီ မတိုင်မီ** ပေးပို့ရပါမည်။

**မှတ်ချက်။ ။ လျှောက်လွှာများကို စိစစ်ရွေးချယ်ပြီး လူတွေ့အင်တာဗျူးနှင့် ရေးဖြေအင်တာဗျူးအတွက် ခေါ်ဆိုရန်ရွေးချယ်ခံရ သူများကိုသာ ဖုန်း (သို့) အီးမေးလ် ဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။**